# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၅၁ ခုနှစ်၊ ကချင်ပြည်နယ်ယာယီကောင်စီ (သဘာပတိလစာ နှင့်စရိတ်ကြေးငွေများ) အက်ဥပဒေ။

**[၁၉၅၁ ခုနှစ်၊ ကချင်ပြည်နယ်အက်ဥပဒေအမှတ် ၁။]**

**၁၃၁၃ ခု၊ တန်းဆောင်မုန်းလဆန်း ၈ ရက်။**

**(၁၉၅၁ ခု၊ နိုဝင်ဘာလ ၆ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖော်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာ သည်။

အောက်ပါအတိုင်း၊ အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၅၁ ခုနှစ်၊ ကချင်ပြည်နယ် ယာယီကောင်စီ (သဘာပတိလစာနှင့် စရိတ်ကြေးငွေများ) အက်ဥပဒေ**ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမတက၊ ထုတ်ပြန်ကျေညာသည့်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။ (က) ကချင်ပြည်နယ်ယာယီကောင်စီ သဘာပတိအား၊ လစဉ်ငွေကျပ် ၁,၂၅၀ (တထောင်နှစ်ရာ့ငါး ဆယ်ကျပ်) ကို၊ ပြည်နယ်ကောင်စီက ပြဋ္ဌာန်းထားသောငွေများထဲမှ ထုတ်ပေးရမည်။

(ခ) ကချင်ပြည်နယ်ယာယီကောင်စီ သဘာပတိသည်၊ ပြည်သူ့အကျိုးအတွက်သော်ငင်း၊ ပြည်နယ်အစိုးရကိစ္စနှင့်သော်ငင်း၊ ကချင်ပြည်နယ် ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ နယ်လှည့်ခရီးထွက်ရသည့်အခါ နေ့တွက်စရိတ်ကိုဖြစ်စေ၊ ရပ်နားစရိတ်ကိုဖြစ်စေ၊ ခရီးစရိတ်ကိုဖြစ်စေ၊ မြန်မာနိုင်ငံတော်ခရီးစရိတ် နည်းဥပဒေများအရ ရယူခွင့်ရှိရမည်။

၃။ ။ သဘာပတိသည်၊ ရာထူးလက်ရှိကာလအတွင်းတွင်၊ သဘာပတိရာထူးဆိုင်ရာတာဝန်ဝတ်တရားများကိုဆောင်ရွက်အပ်သည်မှတပါး၊ အတတ်ပညာဖြင့် ဥစ္စာရှာသော မည်သည့် အသက်မွေးဝမ်းကျောင်း ကိုမျှမပြုရ၊ သို့တည်းမဟုတ် မည်သည့်အလုပ်အကိုင်ကိုမျှ အခကြေးငွေဥစ္စာအတွက်လုပ်ကိုင်ဆောင်ရွက် ခြင်းမပြုရ။

၄။ ။ ကချင်ပြည်နယ်ယာယီကောင်စီ (သဘာပတိလစာငွေ) အက်ဥပဒေ (၁၉၄၈ ခုနှစ်၊ ကချင်ပြည်နယ် အက်ဥပဒေအမှတ် ၁) နှင့် ၁၉၅၀ ခုနှစ်၊ ကချင်ပြည်နယ် ယာယီကောင်စီ (သဘာပတိ လစာငွေ) (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၀ ခုနှစ်၊ ကချင်ပြည်နယ်အက်ဥပဒေအမှတ် ၁) တို့ကို၊ ဤအက်ဥပဒေ ဖြင့် ပယ်ဖျက်လိုက်သည်။
ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**စဝ်ရွှေသိုက်၊**
**နိုင်ငံတော်ယာယီသမတ၊**
**ပြည်ထောင်စုမြန်မာနိုင်ငံတော်။**

**ရန်ကုန်မြို့၊ ၁၃၁၃ ခု၊ တန်းဆောင်မုန်းလဆန်း ၈ ရက်။**

**(၁၉၅၁ ခု၊ နိုဝင်ဘာလ ၆ ရက်။)**

**အမိန့်အရ၊**
**ပါစိန်၊**
**နိုင်ငံတော်သမတအတွင်းဝန်။**
**[အမှတ် ၁၁၁]**